# လက်ပံတပင်ကျေးရွာ

## မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လက်ပံတပင်ကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


မာတိကာ ၁

စကားချီး ၅

လက်ပံတပင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၁
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၄
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ခာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက်
အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၈၃
ကော်မတီစာရင်း ၉၀
ကိုးကားစာရင်း ၉၁

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ဇန်နဝါရီ ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လက်ပံတပင်ကျေးရွာ

မင်းဘူးမြို့နယ်

## လက်ပံတပင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်

အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ လက်ပံတပင်ကျေးရွာသည် မင်းဘူး–စကု ကားလမ်းမဘေးတွင် တည်ရှိပြီး မကွေးမြို့၊ မင်းဘူးမြို့တို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၁၁၈)စု ရှိသည့်အနက် ၎င်းအိမ်ထောင်စုများ၏ ၃ပုံ ၂ပုံခန့်သည် ကျေးရွာ၏ အရှေ့ဖက် မိုင်(၂၀)ခန့်တွင်ရှိသော ဧရာဝတီမြစ်၏ ဘေးတွင်ရှိသည့် ကိုင်း၊ ကျွန်းမြေများတွင် တောင်သူလုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြု နေထိုင်ကြပါသည်။ ကျန်ရှိသည့် အိမ်ထောင်စု များမှာ လက်ပံတပင်ရွာထဲတွင်သာ နေထိုင်ကြပါသည်။ ကျွန်တော်တို့ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၈၀)မှ (၁၀၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်သာ အထောက်အကူပြုပါသည်။ ကျေးရွာသည် ပင်လယ်နှင့် နီးစပ်သောဒေသမဟုတ်သောကြောင့် ဆားငန်ရေ ဝင်ရောက်မှုမရှိပါ။ သီးနှံများ စိုက်ပျိုးရာ မြေနိမ့်ပိုင်းများဖြစ်သော ကိုင်းမြေ၊ ကျွန်းမြေများတွင် မြစ်ရေဝင်ရောက် မှုရှိပါသည်။ ၎င်းကိုင်းမြေ၊ ကျွန်းမြေများပေါ်တွင် နေကြာ၊ မြေပဲ၊

ပြောင်း၊ ပဲအမျိုးမျိုး စိုက်ပျိုးထားရှိခြင်းကြောင့် ကျေးရွာရှိ အိမ်ထောင်စုများအတွက် စီးပွားရေးလုပ်ငန်းအဖြစ် အဓိကအားထားရာဖြစ်ပါသည်။ ကိုင်း၊ ကျွန်းမြေများသည် ရေကြီး၊ ရေလွှမ်းမှုဒဏ်များ ခံရလေ့ရှိပြီး စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်တတ်ပါသည်။ လက်ပံတပင်ကျေးရွာ တွင် ရေကြီး၊ ရေလွှမ်းမှုဒဏ်များမရှိသော်လည်း ကိုင်း၊ ကျွန်းမြေများမှာ နှစ်စဉ် ရေလွှမ်းမိုး သည့်ဒဏ်များ ခံရလေ့ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျွန်ုပ်တို့ကျေးရွာရှိ သဘာဝအရင်းအမြစ်မှာ ကိုင်းမြေ၊ ကျွန်းမြေများပင် ဖြစ်ပါသည်။ မြေနိမ့်ပိုင်းဒေသဖြစ်သော်လည်း မြေဆီမြေနှစ်မှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ဧရာဝတီမြစ်ဘေးတွင် ဖြစ်သောကြောင့် ရေသွင်းစိုက်ပျိုးရန် လွယ်ကူပါသည်။ နေကြာနှင့် ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပါသည်။

**၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၁၈)စုရှိပြီး ကျား(၂၈၇)ဦး ၊မ (၂၇၅)ဦး ၊လူဦးရေ စုစုပေါင်း(၅၆၂)ဦးရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာနေထိုင်ကြပြီး အလုပ်လုပ်ကိုင် နိုင်ကြသော အရွယ်သည် ကျေးရွာ၏ (၇၀%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ် ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျွန်တော်တို့ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့် ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စု(၁၁၈)စုရှိသည့်အနက် အိမ်ထောင်စု (၁၁)စုသည် အချမ်းသာဆုံးဖြစ်ပြီး အခြားအိမ်ထောင်စု(၁၉)စုမှာ အခြေအနေအသင့်အတင့် ရှိပါသည်။ အိမ်ထောင်စု(၅၆)စုမှာ ဆင်းရဲသော အိမ်ထောင်စုဖြစ်ပြီး ကျန်(၃၂)စုမှာ အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးမြေများ ပိုင်ဆိုင်ကြ သော်လည်း နည်းပညာများ လက်လှမ်းမီမှု အားနည်းပါသည်။ လယ်ယာသုံး စက်ကိရိယာ များ ပိုင်ဆိုင်မှုနှင့် စိုက်ပျိုးနိုင်မှုကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့်

သာ ကောင်းမွန်ပါသည်။စီးပွားရေးအဆင်မပြေကြသော အိမ်ထောင်စုများမှာ မိသားစုဝင်ငွေအဖြစ် လက်သမား၊ ကူလီ၊ ပန်းရံ၊ ဆန်ကြိတ်စက်အကူလုပ်ငန်းများ လုပ်ကိုင်စားသောက်ရပါသည်။ အချို့သော အိမ်ထောင်စုများမှာလည်း ငွေတိုးချေးယူ၍ စားဝတ်နေရေးအတွက် ဖြေရှင်းကြရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်တော်တို့ လက်ပံတပင်ကျေးရွာရှိ မြေယာမဲ့ အိမ်ထောင်စုများရှိသော်လည်း လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ ခေါင်းရွက်ဈေးသည်၊ ဆန်ကြိတ်စက်လုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြပါသည်။ ကျေးရွာမှ စားဝတ်နေရေး အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏(၃၀%)ဖြစ်သော အိမ်ထောင်စု(၂၇)စုတို့သည် သူတစ်ပါထံမှ ချေးငှား၍ စားဝတ်နေရေးဖြေရှင်းနေရကြောင်း တွေ့ရှိရပါသည်။ယင်း(၂၇)စုတွင် အိမ်ထောင်စု(၁၄)စုသည် ချေးငှား၍ (၆)လမှ (၁၂)လအထိ နေထိုင်စားသုံးနိုင်ကြပြီး ကျန်(၁၃)စုသည် (၃)လမှ (၆)လအထိ နေထိုင်စားသောက်နိုင်ကြောင်း တွေ့ရှိရပါသည်။၎င်းအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုမှာ (၅၀၀၀၀၀)မှ (၈၀၀၀၀၀)အထိ တင်ရှိနေကြပါသည်။ လက်ပံတပင်ကျေးရွာရှိ အိမ်ထောင်စု(၁၁၈)စုအနက် (၁၆)စုသည် အမျိုးသမီးအိမ်ထောင်ဦးစီးများဖြစ်၍ စားဝတ်နေရေး အသင့်အတင့်ဖြစ်ကြပါသည်။ အခြားထိခိုက်လွယ်သော မသန်မစွမ်းများ၊ မိသားစုစောင့်ရှောက်မှုမရှိသူများ မရှိပါ။ ကျေးရွာတွင် ဆင်းရဲနွမ်းပါးမှုများသာရှိ၍ အခြားထိခိုက်မှုများဖြစ်သည့် ယာဉ်မတော်တဆဖြစ်မှုများမှာ အနည်းငယ်သာရှိပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာရှိ အိမ်ထောင်စု(၁၁၈)စုရှိ လူဦးရေ အများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးသူငယ် အများစုသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ရှိကြပါသည်။ မင်းဘူးမြို့နယ်ဆေးရုံ၊ ဆေးပေးခန်းများနှင့် လက်လှမ်းမီမှုရှိသောကြောင့် ကျေးရွာလူထု၏ ကျန်းမာရေးအတွက် အဆင်ပြေပါသည်။ ကျေးရွာရှိကလေးများသည် ကျန်းမာရေးကောင်းမွန်သော်လည်း အာဟာရပြည့်ဝမှုမှာ အနည်းငယ်သာရှိပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိ လူဦးရေအများစုသည် ပညာရေးအဆင့်အတန်းမှာ အသင့်အတင့်သာ ရှိကြပါသည်။ အများစုသည် စာပေ အရေး၊ အဖတ်ကို ကျွမ်းကျင်ကြသော်လည်း ဘွဲ့ရသူ အရေအတွက်မှာ နည်းပါးကြပါသည်။ ကျေးရွာတွင် ပညာသင်ကြားရေးအတွက် အခြေခံ မူလတန်းကျောင်းသာရှိပါသည်။ မူလတန်းကျောင်းသာ ရှိသောကြောင့်အလယ်တန်း၊ အထက်တန်းကျောင်းသားများသည် မင်းဘူးမြို့ အ.ထ.က(၁)ကျောင်းနှင့် အိမ်ယာကျောင်း များသို့ သွားရောက်ပညာသင်ကြားရပါသည်။ ကျေးရွာရှိလူဦးရေအများစုသည် အသက်မွေး ဝမ်းကြောင်းအတွက် ကျွမ်းကျင်မှုများမှာ အလွန်နည်းပါးနေပြီး ကျေးရွာရှိလူငယ် အများစု သည် အလုပ်အကိုင် အခွင့်အလမ်းများလည်း နည်းပါးနေပါသည်။

## (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား/မရေးရာဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိပါသည်။ ကျေးရွာ တွင် ကျား/မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းများလည်းရှိပါသည်။ ကျေးရွာတွင် ပြင်းထန် သော အိမ်တွင်းအကြမ်းဖက်မှုများ၊ ခွဲခြားဆက်ဆံမှုများ မရှိပါ။ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ အခွင့်အရေးတူညီစွာ ရရှိကြသော်လည်း အမျိုးသားနှင့် အမျိုးသမီးတို့၏ နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြ ပါသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြပါသည်။

ကျွန်တော်တို့ လက်ပံတပင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့ အစည်းများတွင် အမျိုးသားများ အပါအဝင် အမျိုးသမီးများလည်း တက်ကြွစွာ ပါဝင်ကြပါ သည်။ ကျေးရွာရှိ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများလည်း တက်ကြွစွာ ပါဝင်ကြပါသည်။ ကျွန်တော်တို့ကျေးရွာတွင် လွန်ခဲ့သောနှစ်အတွင်းက ကျေးရွာအတွင်းရှိ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ပါ။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုအဖွဲ့အစည်းနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၃)ဖွဲ့ရှိပါသည်။ ကျွန်တော်တို့ ကျေးရွာရှိ အဖွဲ့အစည်း(၃)ဖွဲ့များမှာ ဝတ်အသင်းအဖွဲ့ ၊ မီးကင်းလှည့်အဖွဲ့နှင့် ကျေးရွာ၏ဖွံ့ဖြိုးရေးဆောင်ရွက်သည့် အဖွဲ့တို့ ဖြစ်ပါသည်။ ထို(၃)ဖွဲ့ တွင် ဝတ်အသင်းအဖွဲ့မှာ လူဦးရေ(၁၂)ဦး ပါရှိပါသည်။ ၎င်းဝတ်အသင်းအဖွဲ့ရှိသောကြောင့် ကျေးရွာ၏ဘာသာရေး၊ သာသနာရေးတို့တွင် အားထားရဆုံးအဖွဲ့ဖြစ်ပါသည်။ မီးကင်းလှည့် အဖွဲ့သည်လည်း မီးဘေးအန္တရာယ်စိုးရိမ်ရသော အချိန်များတွင် အားကိုးအားထားပြုကြရ၍ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းသည် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာရေးများအတွက် အထောက်အကူပြုသော အဖွဲ့အစည်းဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့ အစည်းများဖြစ်သော MPRL-CSR/MOGEစသော အဖွဲ့အစည်းများနှင့် Pact-Myanmarကဲ့သို့ ငွေစုငွေချေးအဖွဲ့များလည်း ရှိပါသည်။

### (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျွန်တော်တို့ လက်ပံတပင်ကျေးရွာတွင် သီးနှံစိုက်ပျိုးရေးမှ နေကြာကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျွန်တော်တို့ကျေးရွာရှိ အိမ်ထောင်စု(၁၁၈)စုရှိ လူဦးရေအများစုသည် သီးနှံစိုက်ပျိုးရေးအတွက် လယ်ယာမြေများ မရှိသောကြောင့် ကိုင်းမြေ၊ ကျွန်းမြေများကို မှီခိုအားထား၍ စိုက်ပျိုးကြပါသည်။ အခြားသီးနှံများဖြစ်သော မြေပဲ၊ ပြောင်း၊ ပဲလွန်း၊ မတ်ပဲ၊ ဘူး၊ ဖရုံ၊ ချဉ်ပေါင်များကိုလည်း စိုက်ပျိုးကြပါသည်။ ကျွန်တော်တို့ ကျေးရွာ၏ စိုက်ပျိုးမြေများသည် အသင့်အတင့်ကောင်းမွန်သောကြောင့် သီးနှံများလည်း အသင့်အတင့် ထွက်ရှိကြပါသည်။

ကျေးရွာတွင် အိမ်ထောင်စု(၁၁၈)စု ရှိသည့်အနက် (၈၉)စုသည် ကြက်မွေးမြူရေးလုပ်ငန်း ရှိကြပါသည်။ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် ပျက်စီးမှုများ ရှိတတ်ပါသည်။ မြို့နယ်ရှိ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ကျေးရွာလူထုနှင့် ချိတ်ဆက်မှုအားနည်းသောကြောင့် ကျေးရွာတွက် အခက်အခဲရှိပါသည်။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဈေးရောင်းခေါင်းရွက်သည်၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြပါသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ မင်းဘူးမြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိသော်လည်း ကျေးရွာမှ ငွေကြေးတတ်နိုင်မှုစသော အခက်အခဲများကြောင့် ချိတ်ဆက်နိုင်စွမ်းမရှိကြပါ။ အပ်ချုပ်၊ ဆံပင်ပြုပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ ဖုန်းပြင်စသည့် သင်တန်းများ တက်ရောက်လိုခြင်းရှိသော်လည်း လက်လှမ်းမမီပါ။ သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြပါ။ ငွေကြေးတတ်နိုင်ကြသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင် စသော သင်တန်းများသို့ ငွေကြေးအကုန်အကျခံ၍ ပို့လွှတ်သင်ကြားကြပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ပျိုးရေးသီးနှံအဖြစ် နေကြာကို အဓိကထား စိုက်ပျိုးကြသော်လည်း မြေပဲကိုလည်း စိုက်ပျိုးကြပါသည်။ မြေပဲခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဆေးများ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ပါသည်။ ကျွန်တော်တို့ ကျေးရွာရှိတောင်သူများ အနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ်အစား  ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ကျေးရွာသည် မြေမြင့်ပိုင်းတွင် တည်ရှိပြီး  ရေကြီး၊ ရေလွှမ်းမှုဒဏ်များမရှိသော် လည်း ကိုင်း၊ ကျွန်းမြေများမှာ နှစ်စဉ်ရေလွှမ်းမိုးသည့်ဒဏ်များ ခံရလေ့ရှိပါသည်။

**(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာရှိ အိမ်ထောင်စုအများစုသည် အစိုးရ စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်း(၃)ကျပ်နှုန်းဖြင့် ငွေချေးယူခြင်းများရှိပါသည်။ ထိုသို့ချေးယူရာတွင် ပုံစံ(၇)ရှိရန်လိုအပ်ပြီး ပြန်လည်ပေးဆပ်ရသော ကာလမှာ (၆)လဖြစ်ပါသည်။အချို့သော အိမ်ထောင်စုများမှာ မိမိတို့ကျေးရွာအတွင်းမှ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်းများရှိကြပါသည်။ ငွေချေးယူရခြင်း၏ အကြောင်းအရင်းများမှာ စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် ချေးယူကြပါသည်။ အထူးသဖြင့် စားဝတ်နေရေးအတွက် အဓိကချေးယူကြခြင်းဖြစ်ပြီး ကျွန်တော်တို့ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများ၏ အကြွေးထားရှိမှု အခြေအနေကို လေ့လာဆန်းစစ်ချက်အရ ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုတို့သည် အကြွေးယူထားကြပြီး အကြွေးငွေ(၅)သိန်းမှ (၈)သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

လက်ပံတပင်ကျေးရွာတွင် ပညာရေးနှင့် ပတ်သက်၍ မူလတန်းကျောင်းသာရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းကို မင်းဘူးမြို့ပေါ်ရှိ အ.ထ.က(၁) နှင့် အိမ်ရာကျောင်းတို့တွင် သွားရောက်သင်ကြားရပါသည်။ ကျွန်တော်တို့ကျေးရွာရှိ စာသင်ကျောင်းများတွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ ဆရာ/ဆရာမ(၄)ဦးရှိပါသည်။

ကျန်းမာရေးနှင့် ပတ်သက်၍ ကျန်းမာရေးဆေးပေးခန်းများ မရှိပါ။ ကျေးရွာလူထု၏ ကျန်းမာရေးနှင့် ပတ်သက်၍ တစုံတရာဖြစ်ပါက (၂)မိုင်ခန့်ကွာဝေးသော မြို့နယ်ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက်ကုသရပါသည်။

ကျေးရွာ၏ ရေရရှိရေးမှာ တုံကင်တွင်းများရှိပါသည်။ ၎င်းတုံကင်တွင်းများသည် သုံးရေအတွက်သာ အဆင်ပြေပြီး သောက်ရန်အဆင်မပြေပါ။ ကျွန်တော်တို့ကျေးရွာသည် သန့်ရှင်းရေးအတွက် စည်းစနစ်တကျနေထိုင်ကြပါသည်။ အိမ်သာများကိုလည်း စီးပွားရေး အဆင်ပြေသူများသာ ယင်လုံအိမ်သာသုံးစွဲမှုရှိကြပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားနှင့် နေရာများဟူ၍ သီးသန့်မရှိပေ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ပါဝင်မှုရှိကြပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဟူ၍ သီးသန့်ဖော်ဆောင်ရခြင်းမရှိသေးပါ။ လူငယ်များသည် ဖွံ့ဖြိုး

ရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ခြင်းရှိကြပါသည်။ အားကစားနှင့် ပတ်သက်၍ ဘောလုံးကွင်း၊ ခြင်းဝိုင်းများ ရှိပါသည်။

## (ဓ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

လက်ပံတပင်ကျေးရွာအတွင်းရှိ လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးတွင်းကာလတွင် ဗွက်များဖြစ်၍ သွားလာရ အဆင်မပြေပါ။ ကျေးရွာနှင့် အခြားရွာချင်းဆက်လမ်းများမှာလည်း ကျဉ်းမြောင်းလှပါသည်။ ကျေးရွာ၏အရှေ့ဖက်တွင် ဧရာဝတီမြစ်ရှိပြီး မြစ်လယ်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ ထိုသို့သွားရောက်ရာတွင် ရေလမ်းခရီးအတွက် စက်လှေကိုအသုံးပြုကြပါသည်။ တံတားမရှိပါ။ ကျေးရွာနှင့်(၅)မိုင်ခန့်အကွာတွင် မကွေး–မင်းဘူး ဧရာဝတီမြစ်ကူးတံတားကြီးရှိပါသည်။ ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအတွက် ဆိုင်ကယ်(၆၈)စီးနှင့် စက်ဘီး(၆၃)စီးကို အသုံးပြုကြရပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးမှာ ယခုအချိန်ကာလအထိ မရရှိပါ။ လျှပ်စစ်မီးရရှိရေးအတွက် ကိုယ်ထူကိုယ်ထဆောင်ရွက်ရန် ကြိုးစားသော်လည်း ကျေးရွာသူ/သားများ စီးပွားရေး အဆင်မပြေကြသောကြောင့် မီးရရှိရေး မဆောင်ရွက်နိုင်ကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းကိုသာ အသုံးပြုကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ စာကြည့်တိုက်မရှိခြင်းကြောင့် သတင်းအချက်အလက်သိရှိနိုင်ရေးအတွက် စာပေပညာများဖတ်ရှုခွင့် မရရှိပါ။ ထို့ကြောင့် သတင်းအချက်အလက်များအတွက် ဖုန်းများနှင့်သာ ဆက်သွယ်လေ့လာကြရပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျွန်တော်တို့ကျေးရွာသည် မည်သည့်ရာဇဝတ်မှုမှမရှိဘဲ တည်ငြိမ်အေးချမ်းမှုရှိသောရွာလေးတစ်ရွာဖြစ်ပါသည်။ မင်းဘူးမြို့နှင့် နီးသောကြောင့် ရဲစခန်းနှင့် လက်လှမ်းမီကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အကြမ်းဖက်မှုများမရှိရခြင်းမှာ အုပ်ချုပ်ရေး လက်လှမ်းမီခြင်းကြောင့် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အစီအစဉ်များ သီးသန့်ရေးဆွဲထားခြင်းမရှိသေးပါ။ အကယ်၍ ကြုံတွေ့ခဲ့လျှင် မြို့နယ်ဌာနဆိုင်ရာများသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာသည် ဖွံ့ဖြိုးမှုနည်းပါးပါသည်။ လျှပ်စစ်မီးနှင့် သောက်သုံးရေမှာလည်း အခက်အခဲရှိပါသည်။ လျှပ်စစ်မီးမရှိခြင်းကြောင့် ထင်းမီးဖြင့်သာ ချက်ပြုတ်စားသောက်ရပါသည်။ လူနေမှုအဆင့်အတန်းမှာလည်း နိမ့်ကျနေပါသည်။ ကျေးရွာတွင် စာပေပညာရေး ဖွံ့ဖြိုးမှုမှာ အသင့်အတင့်သာဖြစ်ပါသည်။ ကျေးရွာရှိ အလုပ်လုပ်နိုင်သော လူဦးရေမှာ များပြားပါသည်။ ဘွဲ့ရပညာတတ်များနှင့် ထိုက်သင့်သော အတန်းပညာတတ်မြောက်သူ လူငယ်များရှိပါသည်။ ထိုလူငယ်များကို အသက်မွေးဝမ်းကြောင်း သင်တန်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြပါသည်။ ရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မင်းဘူးမြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများကို ခံယူနိုင်ကြပါသည်။

ကျေးရွာရှိ စာသင်ကျောင်းများတွင်လည်း စာပေသင်ကြားရေးအတွက် ပရိဘောဂ ပစ္စည်းများနှင့် စာရေးကိရိယာများမှာ လုံလောက်မှုမရှိပါ။ ကျွန်တော်တို့ကျေးရွာရှိ ကျောင်းသား/သူများသည် စာပေသင်ကြားရာတွင် အခက်အခဲများ မရှိသော်လည်း စာပေဖွံ့ဖြိုးမှုမှာ အားနည်းလှပါသည်။

ကျွန်တော်တို့၏ သဘာဝအရင်းအမြစ်များဖြစ်သည့် ကျွန်းကိုင်းမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီမြေနှစ် အတော်အသင့် ကောင်းမွန်ပါသည်။ တောင်သူများလည်း သီးနှံထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပါသည်။ မိုးရွာသွန်းမှုလည်း စိုက်ပျိုးသီးနှံများအတွက် အထောက်အပံ့များလည်းဖြစ်စေနိုင်ပါသည်။ မြို့နယ်နှင့်ကူးသန်းလာရာတွင် အဆင်ပြေသောကြောင့် ကျေးရွာ၏ ထွက်ကုန်ပစ္စည်းများကိုလည်း အချိန်မီတင်ပို့ ရောင်းချနိုင်ပါသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေများဖြစ်သော မြေဆီလွှာမှာ အသင့်အတင့်သာဖြစ်၍ အခြားသယံဇာတပစ္စည်းများ မထွက်ရှိပါ။ စိုက်ပျိုးရေးအတွက် ကိုင်းကျွန်းမြေများရှိသော်လည်း မြေကမ်းပါးပြိုကျမှုများကြောင့် စိုက်ပျိုးသီးနှံများကို စိုက်ပျိုးရန် မြေများနည်းပါးလာပါသည်။ သီးနှံဖျက်ပိုးများလည်းရှိသောကြောင့် သီးနှံထွက်နှုန်းလျော့ကျပါသည်။ ထို့ကြောင့် မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သော်လည်း ကျေးရွာသို့ ကွင်းဆင်းလေ့လာမှုအားနည်းသောကြောင့် ကျွန်တော်တို့ ကျေးရွာလူထုအတွက် အခက်အခဲရှိပါသည်။ တဖန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးအစီအစဉ်များ မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်းနှင်းရေး ကျင့်သုံးနိုင်ရေးအထောက်အပံ့များ ရရှိရန်လိုအပ်ပါသည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားပါသည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှ အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်)မှ ငွေချေးရန်အတွက် ပုံစံ(၇)များ တင်ပြရသောအခါ ၎င်းပုံစံ(၇)မရှိသောကြောင့် ငွေချေးယူရာတွင် အခက်အခဲများကြုံတွေ့ရပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စိုက်ပျိုးရေးနည်းပညာနှင့် အော်ဂဲနစ် ဓါတ်မြေဇာ ထုတ်လုပ်နည်းများကို စနစ်တကျသုံးစွဲနိုင်ပါက သီးနှံအထွက်နှုန်း ပိုမိုအားကောင်းပြီး မိသားစုဝင်ငွေ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

(က.၂) ကျေးရွာလူထုအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိခြင်းနှင့် ကလေးတိုင်း အဆင့်မြင့်ပညာ သင်ကြားနိုင်ကြပါက လူသား အရင်းအမြစ်ကောင်းတစ်ရပ် ပေါ်ထွက်လာကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျွမ်းကျင် ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(က.၃) ကျွန်တော်တို့ ကျေးရွာလူထုသည် ကျေးရွာအတွင်းလျှပ်စစ်မီး ရရှိရန်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပါက လူနေမှုအဆင့်အတန်းမြင့်မားခြင်း၊ ထုတ်ကုန်များကို အချိန်မီတင်ပို့ ရောင်းချနိုင်ခြင်းမှ တဆင့် ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

(က.၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုရေးကိစ္စများအတွက် အတိုးနှုန်းနည်းသောချေးငွေများကို လုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကြောင်း အတတ်ပညာများ သင်ကြားပို့ချပေးခြင်းဖြင့် လူတိုင်းအလုပ်အကိုင် အခွင့်အလမ်းများရရှိလာကာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် စီးပွားရေးအနေအထား တိုးတက်လာမည်ဖြစ်ပါသည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာနှင့် အော်ဂဲနစ်ဓါတ်မြေဩဇာ ထုတ်လုပ်နည်းများနှင့် စနစ်တကျ သုံးစွဲရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ စိုက်ပျိုးရေးဆေးကုမ္ပဏီများနှင့်လည်း ချိတ်ဆက်၍ နည်းပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားပါမည်။

(ခ.၂) ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိရန်အတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျန်းမာရေးဝန်ဆောင်မှုများရှိရန်အတွက် ကျန်းမာရေးဦးစီးဌာနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ.၃) ကျွန်တော်တို့ကျေးရွာတွင် အဆင့်မြင့်ပညာသင်ကြားနိုင်ရန်နှင့် ပညာရေးဝန်ဆောင်မှုများ လုံလောက်စွာရရှိရန်အတွက် ပညာရေးဦးစီးဌာနနှင့် ချတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ.၄) လျှပ်စစ်မီးရရှိရန်နှင့် ရွာတွင်း/ ရွာချင်းဆက်လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျေးရွာကော်မတီများ ဖွဲ့စည်းခြင်းဖြင့် ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁.၅) ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုရေးကိစ္စများအတွက် အတိုးနှုန်း သက်သာသော ချေးငွေများကို လုံလောက်စွာရရှိနိုင်ရန်အတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အခြားNGOအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထုစီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁.၆) ကျွန်တော်တို့ကျေးရွာတွင် အသက်မွေးဝမ်းကြောင်းသင်တန်းများဖြစ်သော စက်ချုပ်၊ ဇာထိုးပန်းထိုး၊ ပန်းရံ၊ လက်သမား၊ စက်ပြင်၊ ယိုမျိုးစုံလုပ်ငန်း၊ သစ်သီးဖျော်ရည်လုပ်ငန်း၊ ဆိုင်ကယ်ပြင်သင်တန်းနှင့် အခြားလက်မှုပညာသင်တန်းများ ဖွင့်လှစ်နိုင်ရန်အတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုး ပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက် အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျွန်တော်တို့ကျေးရွာတွင် နေကြာ၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးကြပါသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရရှိ သော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို

မှီခိုအားထားမှုပိုများပါသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံး ပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန မှ ဦးစီးဦးရွက်ပြုသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် စိုက်ပျိုးရေးသမားများနှင့် အသေးစားလုပ်ငန်းရှင်များအတွက် အထိုက် အလျောက် များပြားသော ချေးငွေများ ရရှိရန်လိုအပ်ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းမှ ချေးငွေ လိုအပ်သူ ရွာသူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်ပါသည်။

## (ဃ) ကျေးလက်အသေးစား စက်မှု၊ လက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခု လုံး၏ အမျိုးမျိုး ကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်လုပ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း) အတွက်လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများ အတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာရေးဝန်ထမ်းများပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသ မှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက် ရန်လုံလောက်သော ရန်ပုံငွေလည်းရှိရမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါ ဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း၊ အသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျန်းမာရေးကဏ္ဍ*** | | | | | |
| | ကျန်းမာရေး အသိပညာ ပေး ဟောပြောခြင်း | ၁၀၀ | ၁ | – ရာသီအလိုက်အဖြစ်များသော ရောဂါများကို ကြိုတင်နှိုးဆော်ကာကွယ်မှုများ ဆောင်ရွက်ခြင်း | |
| ***ပညာရေးကဏ္ဍ*** | | | | | |
| | ကျောင်းပရိဘောဂ သင်ထောက်ကူပစ္စည်း ပြည့်စုံစွာရရှိအောင် ဆောင်ရွက်ခြင်း | ၉၉ | ၂ | –ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက်များ တင်ပြတောင်းဆိုခြင်း | |
| ***သောက်သုံးရေကဏ္ဍ*** | | | | | |
| | သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ခြင်း | ၉၈ | ၃ | –ရပ်မိရပ်ဖများနှင့် ကျေးရွာသူ/သားများ မြို့နယ်ရှိ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအား ကျေးရွာရေရရှိအောင် ကူညီတောင်းဆိုခြင်း | |

| | | | | |
|---|---|---|---|---|
| | အိမ်တိုင်းလျှပ်စစ်မီး သုံးနိုင်ရန် ဆောင်ရွက်ခြင်း | ၉၆ | ၄ | -မြို့နယ်ရှိ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ကာ အကူအညီတောင်းခံခြင်း |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကျန်းမာရေးနည်းပညာပေး ဟောပြောမှုများပေးခြင်း | ၁ | √ | √ | √ | √ | √ |
| ၂။ ကျောင်းပရိဘောဂ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ရရှိအောင် ဆောင်ရွက်ခြင်း | ၂ | √ | √ | √ | √ | √ |
| ၃။ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ခြင်း | ၃ | √ | √ | √ | √ | √ |
| ၄။ အိမ်တိုင်းလျှပ်စစ်မီးရရှိသုံးစွဲနိုင်ရန်ဆောင်ရွက်ခြင်း | ၄ | | | √ | √ | √ |
| ၅။ အတိုးနှုန်းနည်းသည့် ချေးငွေများ ရရှိအောင် ဆောင်ရွက်ခြင်း | ၅ | | √ | √ | | |
| ၆။ အသက်မွေးဝမ်းကြောင်း နည်းပညာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ခြင်း | ၆ | | | √ | √ | √ |
| ၇။ ရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၇ | √ | √ | √ | √ | √ |
| ၈။ စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှု တိုးတက်အောင် ဆောင်ရွက်ခြင်း | ၈ | √ | √ | √ | √ | √ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ– လုပ်အား၊သဲ၊ကျောက်၊ပစ္စည်း ကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျန်းမာရေးအသိပညာပေးဟောပြောမှုများ ပြုလုပ်ခြင်း | ၅၀ | ၁၀ | ၃၀သိန်း | ၅သိန်း | ၅သိန်း |
| ၂ | ကျောင်းပရိဘောဂ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ရရှိအောင် ဆောင်ရွက်ခြင်း | ၂၀ | ၂သိန်း | ၁၀ သိန်း | ၃သိန်း | ၅သိန်း |
| ၃ | သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ခြင်း | ၃၀ | ၅သိန်း | ၂၅သိန်း | – | – |
| ၄ | အိမ်တိုင်းလျှပ်စစ်မီးရရှိသုံးစွဲနိုင်ရန် ဆောင် ရွက်ခြင်း | ၃၀ | – | ၁၀သိန်း | ၁၀သိန်း | ၁၀သိန်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | အတိုးနှုန်းနည်းသည့် ချေးငွေများ ရရှိအောင် ဆောင်ရွက်ခြင်း | ၅၀ | ၁၀သိန်း | ၂၀သိန်း | - | ၁၀သိန်း |
| ၆ | အသက်မွေးဝမ်းကြောင်း နည်းပညာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ခြင်း | ၅၀ | ၁၀သိန်း | ၂၀သိန်း | ၁၀သိန်း | ၁၀သိန်း |
| ၇ | ရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၃၀ | ၅သိန်း | ၂၀သိန်း | ၅သိန်း | - |
| ၈ | စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှု တိုးတက်အောင် ဆောင်ရွက်ခြင်း | ၅၀ | ၁၀သိန်း | ၃၀သိန်း | ၅သိန်း | ၅သိန်း |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူ ပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက် စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါ မည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန် ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီ အစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက် ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များ သည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့ နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ် ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါ မည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများ ကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏%** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၅ | ၃ | ၈ | ၁.၄၂% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၁၀ | ၂၈ | ၄.၉၈% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၃၃ | ၁၇ | ၅၀ | ၈.၈၉% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၂၂ | ၃၀ | ၅၂ | ၉.၂၅% |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၇ | ၁၈၆ | ၃၇၃ | ၆၆.၃၇% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၂၉ | ၅၁ | ၉.၀၇% |
| **စုစုပေါင်း လူဦးရေ-၅၆၂** | | **၂၈၇** | **၂၇၅** | **၅၆၂** | **၉၉.၉၈%** |
| **စုစုပေါင်း အိမ်ထောင်စု -၁၁၈** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၅ ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မင်းဘူးမြို့နယ်၊ လက်ပံတောကျေးရွာအုပ်စု၊ လက်ပံတပင်ကျေးရွာ ဖြစ်ပါသည်။ အိမ်ထောင်စု(၁၁၈)စုရှိပါသည်။ လူဦးရေစုစုပေါင်း (၅၆၂)ယောက် ရှိပါသည်။ (၁)နှစ် အောက်နို့စို့အရွယ် ကလေး(၈)ဦးရှိပါသည်။ (၁)နှစ်မှ(၅)နှစ်အောက် ကလေးငယ်(၂၈)ဦး ရှိပါသည်။ (၅)နှစ်မှ (၉)နှစ်အထိ မူလတန်းအရွယ်ကျောင်းသား (၅၀)ဦးရှိပါသည်။ (၉)နှစ်မှ (၁၅)နှစ်အထိ အလယ်တန်းကျောင်းသားအရွယ်(၅၂)ဦးရှိပါသည်။ (၁၅)နှစ် မှ (၆၀) နှစ်အထိ ကျား(၁၈၇)ဦး၊ မ(၁၈၆)ဦး၊ စုစုပေါင်း (၃၇၃)ဦးရှိပါသည်။ ၆၀နှစ်အထက် သက်ကြီး ရွယ်အို ကျား(၂၂)ဦး၊ မ(၂၉)ဦး ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၈ | ၃၂.၂% | ၁၂၄ | ၁၂၄ | တောင်သူ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄၈ | ၄၀.၆၈ | ၇၄ | - | ကျပန်း |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂% | ၂ | ၄ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၄.၂၃% | ၃ | ၈ | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂% | ၂ | ၄ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၄.၂၃% | ၃ | ၈ | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၁% | ၁ | ၂ | မန်းရေနံမြေ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၃.၃၈% | - | ၄ | လက်သမား |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁% | | ၁ | စက်ချုပ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကားရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄၃ | ၃၆.၄၄ % | | ၇၄ | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂% | | ၂ | မော်တော်ပို့ဆောင်ရေး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၂% | | ၂ | ဆိုင်ကယ်ကယ်ရီ |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| **၁၅** | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | ၃ | ဆည်မြောင်း-၁<br>ရေအားလျှပ်စစ်-၃ |
| **၁၆** | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | ၁ | ဆရာမ-၂ဦး |
| **၁၇** | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁ | သူနာပြု-၁ဦး |
| **၁၈** | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၂ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၃.၃၈ % | | ၄ | |
| | **စုစုပေါင်း** | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ လက်ပံတပင်ကျေးရွာသည် အိမ်ထောင်စု(၁၁၈)စု ရှိသည့်အနက် (၃၈)စုမှာ တောင်သူလုပ်ငန်း လုပ်ကိုင်ကြပြီး၊ အိမ်ထောင်စု(၇)စုမှာ ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်နေကြပါသည်။ အိမ်ထောင်စု(၁)စုမှာ မန်းရေနံမြေဝန်ထမ်းဖြစ်ပြီး လက်သမားလုပ်ငန်း လုပ်ကိုင်သူများမှာ အိမ်ထောင်စု(၄)စု ဖြစ်ပါသည်။ စက်ချုပ် လုပ်ငန်းကိုလုပ်ကိုင်သူ အိမ်ထောင်စု(၁)စုရှိပြီး (၄၃)စုမှာ လက်လီလက်ကားရောင်းချသော ဆိုင်များတွင် ကျပန်းအလုပ်သမားအဖြစ် လုပ်ကိုင်နေကြပါသည်။ ထို့နောက် အိမ်ထောင်စု (၄)စုမှာ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ကြပြီး ကျန်(၄)စုမှာ အစိုးရ၊ ကုမ္ပဏီ ဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၂၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၅၀၀ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ် သုံးပစ္စည်းများပြင်ဆင် ရေး | နေ့စား | | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၅၀၀ | ဈေးရောင်း ဝန်ထမ်း |
| ၉ | ကျွမ်းကျင်ပညာရှင်မျာ း (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ လက်ပံတပင်ကျေးရွာတွင် အိမ်ထောင်စု(၁၁၈)စုရှိပြီး လူဦးရေမှာ(၅၆၂)ယောက်ရှိပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားများမှာ အမျိုးသားများက လုပ်အားပိုမိုရရှိကြပါသည်။ အမျိုးသား၊ အမျိုးသမီး လုပ်အားခမတူညီရခြင်းမှာ အလုပ်လုပ်နိုင်စွမ်းမတူညီကြသောကြောင့်ဖြစ်ပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၃.၅ | သင့် | မရ | – |
| ယာမြေ /တောင်ယာ | ၄ | သင့် | မရ | – |
| ဥယျာဉ်ခြံမြေ | - | - | - | - |

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)** | **ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)** |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | – | – | – | – |
| နှစ်ရှည်သီးနှံစိုက်ခင်း | – | – | – | |
| ရွှေ့ပြောင်းတောင်ယာမြေ | – | – | – | – |
| ကိုင်း/ကျွန်းမြေ | ၁၂၃.၅ | သင့် | မရ | – |
| စားကျက်မြေ | – | – | – | – |
| ပလပ်မြေ | – | – | – | – |
| အခြား | – | – | – | – |
| **စုစုပေါင်း** | **၁၃၁** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ လက်ပံတပင်ကျေးရွာသည် ကိုင်း၊ ကျွန်းမြေကို အဓိကထား စိုက်ပျိုးကြပါသည်။ ထို့ကြောင့် လယ်မြေ (၃.၅)ဧကနှင့် ယာမြေ(၄)ဧကတို့သာ ရှိပါသည်။ ကိုင်း၊ကျွန်းမြေမှာ (၁၂၃.၅)ဧကရှိ၍ စိုက်ပျိုးမြေမှာ အသင့်အတင့် ကောင်းမွန်ပါ သည်။ ရောဝတီမြစ်ရေဖြင့်သာ အဓိကထားစိုက်ပျိုး၍ ဆည်ရေမရရှိပါ။

## (၁.၃.၂) ခေတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ခေတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ခေတ်ငွေ့/ရေနံ) | များ | ခက် |
| အခြား ရင်းမြစ်များ | သင့် | လက်လှမ်းမမီ |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ကျွန်းမြေပေါ်တွင် သဘာဝအပင်မျိုးစိတ် များဖြစ်သော နွားစာများ ပေါများသော်လည်း သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | – | – | – | – |
| အိမ်အခြေအနေ | တိုက်/အောက်ခံတိုက် | ပျဉ်ခင်း/ပျဉ်ကာ | သွပ်မိုး/ထရံကာ | ထရံကာ/ကြမ်းခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လယ်ထွန်စက်၊ ရေစုပ်စက်၊ | ရေစုပ်စက်၊ မြက်ရိတ်စက် | နွား | ပေါက်ပြား၊တူးရွင်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| | မြကရိတ်စက် | | | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊ဖုန်း၊ စက်ဘီး | ဖုန်း၊ စက်ဘီး | ဖုန်း | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ၊ ယာ၊လယ် | တောင်သူ၊ ကိုင်း | တောင်ယာကူလီ | ကျပန်း |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – | ၁၁ | ၁၉ | ၅၆ | ၃၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ချမ်းသာသူများရှိသော်လည်း ဆင်းရဲသူများ လည်းရှိပါသည်။ အလွန်ဆင်းရဲသူများသည် အလုပ်အကိုင်တိတိကျကျမရှိပဲ ကြုံရာကျပန်း ကူလီလုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | – | – | – |
| ၃ လနှင့် ၆ လအောက် | ၁၃ | ၁၁% | ချေးယူ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၆ လ မှ ၁၂ လ အထိ | ၁၄ | ၁၄% | ချေးယူ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ ဆင်းရဲသူနှင့် အလွန်ဆင်းရဲသူတို့မှာ (၂၇) ယောက်ခန့်ရှိပြီး ထိုအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုမှာ (၃)လနှင့် (၆)လအောက် (၁၃) ယောက်ရှိပြီး (၆)လမှ (၁၂)လမှာ (၁၄)ယောက်ရှိပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်ခံရမှုမရှိသော အသက်(၆၀)နှစ်အထက် သက်ကြီးရွယ်အိုများမရှိပါ။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများမှာ (၁၆)စုရှိပါသည်။

## (၁.၅.၃)	ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | |
| ၃ | ရေကြီးခြင်း | လတ် | |
| ၄ | မိုးခေါင်ခြင်း | လတ် | |
| ၅ | အအေးလွန်ကဲခြင်း | လတ် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှော် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | - | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | - | |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | |
| ၁၇ | လူကုန်ကူးခြင်း | - | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲစသည် | နိမ့် | |
| ၁၉ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ အိမ်ထောင်စု(၁၁၈)စုတွင် အိမ်ထောင်စုအများစု သည် စီးပွားရေးအဆင်မပြေသောကြောင့် စားနပ်ရိက္ခာများ ဖူလုံမှုမရှိပါ။ ထို့ပြင် မိုးခေါင်သော ကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးမှုရှိတတ်ပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | – | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | လုပ်ငန်းများရှားပါးပြီး လုပ်ခလစာနည်းပါးသောကြောင့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | – |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | – |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to | နိမ့် | |

| | | | |
|---|---|---|---|
| | accident) တွင် နေထိုင်သူများ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | – | – |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | – | – |
| ၉ | ငါးကန်ပိုင်ရှင် | – | – |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | |
| ၁၁ | လူနည်းစုလူမျိုးများ | – | – |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | – | – |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | – | – |
| ၁၄ | ရွှေတွင်းလုပ်သား | – | – |
| ၁၅ | ဆေးစွဲသူများ | – | – |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | – |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် | ကုန်စိမ်း၊ ခေါင်းရွက်၊ ဗျက်ထိုး |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | – |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | – | – |
| ၂၀ | ကားသမား | – | – |
| ၂၁ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူမရှိပါ။ မင်းဘူးမြို့နှင့် နီးသောကြောင့် ခရိုင်ဆေးရုံနှင့် နီးစပ်ခြင်း၊ ကူးစက်ရောဂါတိုက်ဖျက်ရေး ကျန်းမာရေးဝန်ထမ်းများမှ ပညာပေးဟောပြောပွဲများကြောင့် နည်းပါးပါသည်။ လုည့်လည် ဈေးရောင်းသူများ ရှိပါသည်။ နေရပ်ပြန်အခြေချသူ၊ ရွှေ့ပြောင်းလုပ်သား၊ ကားသမားမရှိပါ။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်းသူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဝတ်အသင်း | ၁ | ၁၂ | - | ၁၂ | | ၄ | ၆ |
| ၂ | မီးကင်းလှည့် | ၁ | ၅ | - | ၅ | | ၄ | ၆ |
| ၃ | ဖွံ့ဖြိုးရေးအဖွဲ့ | ၁ | ၁၁ | - | ၁၁ | | ၄ | ၆ |
| ၄ | | | | | | | | |
| ၅ | | | | | | | | |
| ၆ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ လက်ပံတပင်ကျေးရွာရှိ လူထုအခြေပြုအဖွဲ့များမှာ ဝတ်အသင်းအဖွဲ့၊ မီးကင်းလှည့်အဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့တို့ဖြစ်ကြပါသည်။ ဝတ်အသင်းအဖွဲ့သည် အမျိုးသား(၁၂) ယောက်ဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာ၏ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ပြုကြပါသည်။ မီးကင်းလှည့်အဖွဲ့ကို လူဦးရေ (၅)ယောက်နှုန်းဖြင့် အလှည့်ကျဖွဲ့စည်းကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့တွင် လူဦးရေ(၁၁) ယောက်ပါရှိ၍ ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုကြပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact-Myanmar | (၂) | ငွေစု၊ငွေချေး |
| ၂ | MPRL-CSR | (၇) | |
| ၃ | MOGE | (၇) | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်း(၃)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ Pact Myanmar/ MPRL–CSR/ MOGEတို့ဖြစ်ကြပါသည်။ ထိုအဖွဲ့အစည်းများမှလည်း ကျေးရွာ၏ဖွံ့ဖြိုးရေးကို အထောက်အပံ့ ပေးနိုင်ကြပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၁ | ၅၂% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃၁ | ၂၆% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၂၆ | ၂၂% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | – | – | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | – | – | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၁၈** | **၁၀၀%** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၁၁၈)စုရှိသည့်အနက်

(၆၁)စုသည် မြေယာမဲ့များဖြစ်ကြပြီး စားဝတ်နေရေးအတွက် ကြုံရာကျပန်းလုပ်ကိုင် စားသောက်နေကြရပါသည်။ အိမ်ထောင်စု(၃၁)စုသည် လယ်ယာမြေအသင့်အတင့်ရှိပြီး စားဝတ်နေရေးလည်း အသင့်အတင့် အဆင်ပြေကြပါသည်။ ကျန်အိမ်ထောင်စု(၂၆)စုမှာ လယ်ယာမြေ အမြောက်အမြား ပိုင်ဆိုင်ကြသောကြောင့် စားဝတ်နေရေး ပြေလည်ကြ ပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင်ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | √ | ရှိ |
| ၈ | အခြား | | | √(မြစ်ရေ) | ရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေမှာ မြစ်ရေ၊ ချောင်းရေများဖြစ်ပြီး ကျွန်းထဲရှိစိုက်ပျိုးမြေများမှာ မြစ်ရေ၊ ချောင်းရေပြည့်ဝစွာ ရရှိသော ကြောင့် စိုက်ပျိုးရေး အဆင်ပြေပါသည်။

## (၂.၂.၁.၃)  အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံ့ထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| နေကြာ | ၁ | တင်း | ၅၀ | ၁၀၀ | ၈၀ | အောက်တိုဘာ | ဇန်နဝါရီ | လတ် | မြင့် | – |
| မြေပဲ | ၁ | တင်း | ၃၀ | ၃၀ | ၂၀ | အောက်တိုဘာ | ဇန်နဝါရီ | မြင့် | နိမ့် | – |
| ပဲလွန်း | ၁ | တင်း | ၇ | ၃၀ | ၁၅ | အောက်တိုဘာ | ဇန်နဝါရီ | လတ် | လတ် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ နေကြာဖြစ်ပါသည်။ သီးနှံအထွက်နှုန်းမှာ အများဆုံးဖြစ်ပြီး တင်းချိန်ဖြင့် ရောင်းချပါသည်။ စိုက်ပျိုးရိတ်သိမ်းချိန်(၄)လကြာမြင့်ပါသည်။ စိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်မှာ အလယ် အလတ်ဖြစ်ပါသည်။ အမြတ်ရရှိမှုမြင့်ပါသည်။ မြေပဲများစိုက်ပျိုးကြသော်လည်း အထွက်နှုန်း နည်းပါသည်။ အထွက်နှုန်းနည်းသောကြောင့် အမြတ်ရရှိမှုလည်း နည်းပါးပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | - | - | - | - | - | - | - |
| လက်တွန်းထွန်စက် | ၉ | - | - | - | - | ၂၅ | - |
| အစေ့ချ ကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - | - | - | - |
| ခြွေလှေ့စက် | - | - | - | - | - | - | - |
| ရေစုပ်စက် | ၇ | - | - | - | - | ၃၀ | - |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | - |
| မြက်ရိတ်စက် | ၁၉ | - | - | - | - | ၅၀ | - |
| အခြား | - | - | - | - | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ လယ်သမားသုံး ပစ္စည်းများရှိသော်လည်း စီးပွားရေးအဆင်မပြေမှုကြောင့် ပစ္စည်းများ လုံလောက်စွာမရှိပါ။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | မြေလွတ်နေရာများရှိ၍ စိုက်ပျိုးမြေတိုးချဲ့နိုင်ပါသည်။ |
| ရေရင်းမြစ် | မြစ်ရေ၊ မန်းချောင်းရေး၊ အများပိုင်အဝီစိတွင်း |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်၊ ကိုင်းဘဏ်၊ ပက်မြန်မာမှ ချေးငွေများရရှိနိုင်ပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | |
| သွင်းအားစုဈေးကွက် | လတ် |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မင်းဘူး၊ မကွေးသို့ ကား/သုံးဘီးများဖြင့် သွားရောက်ရောင်းချ နိုင်ပါသည်။ |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ကျွန်ပေါ်တွင် စိုက်ပျိုးမြေလွတ်များရှိသဖြင့် စိုက်ပျိုးမြေ တိုးချဲ့နိုင်ပါသည်။ ရေအတွက်လည်း မြစ်ရေ၊ မန်ချောင်းရေနှင့် အဝီစိတွင်းများ မှာရေရရှိသည့်အတွက် စိုက်ပျိုးရေး အဆင်ပြေပါသည်။ ကျေးရွာ၏ ချေးငွေယူမှုများမှာ စိုက်ဘဏ်၊ ကိုင်းဘဏ်နှင့် ပက်မြန်မာ တို့မှ ရယူနိုင်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | |
| မြေဆီသြဇာ အခြေအနေ | ရေတိုက်စားမှုကြောင့် |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | မလုံလောက်ပါ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ငွေကြေးမလုံလောက်ခြင်းကြောင့် သွင်းအားစုများကို အချိန်မီ မရရှိနိုင်ပါ။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | |
| ရေရင်းမြစ်များ ရရှိနိုင်မှု | |
| စိုက်ပျိုးရေ မလုံလောက်မှု | |
| ဖျက်ပိုးနှင့် ရောဂါ | |
| ဈေးကွက် လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ရွာရှိ ကိုင်း၊ကျွန်းမြေများသည် နှစ်စဉ်ရေတိုက်စားမှုကြောင့် မြေဆီလွှာပျက်စီးမှုများ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာတွင် ငွေချေးယူသည့် ဝန်ဆောင်မှုများ ရှိသော်လည်း လိုအပ်သောပမာဏ အလုံအလောက် မရရှိ သောကြောင့် ငွေချေးယူမှုမှာလည်း အဆင်ပြေခြင်း နည်းပါးပါသည်။ ချေးငွေလုံလောက်စွာ မရရှိခြင်းကြောင့် စိုက်ပျိုးရေး သွင်းအားစုများအချိန်မီ မရရှိ၍ အနည်းငယ်ခက်ခဲမှုများ ရှိပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၄၈ | ၁၂၃ | လုံလောက်မရှိ |
| နို့စားနွား | - | - | လက်လှမ်းမမှီပါ |
| မြင်း | - | - | |
| ကျွဲ | - | - | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၄ | ၅ | အသင့်အတင့်ရှိပါသည်။ |
| ကြက် | ၈၉ | ၆၁၃ | အသင့်အတင့်ရှိပါသည်။ |
| ဘဲ | - | - | - |
| နွားနောက် | - | - | - |
| အခြား | - | - | - |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | - |
| ပုဇွန်ကန် | - | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | ၈ | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | - |
| အခြား | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၁၁၈)စု ရှိသည့်အနက် အိမ်ထောင်စု(၄)စုမှာ ခိုင်းနွား(၁၂၃)ကောင်ရှိပါသည်။ အိမ်ထောင်စု(၄)စုတွင် ဝက်(၅)ကောင်၊ အိမ်ထောင်စု(၈၉)စုတွင် ကြက်(၆၁၃) ကောင်ရှိပါသည်။ ငါးလုပ်ငန်းအနေဖြင့် ရေချိုငါးဖမ်းခြင်း လုပ်ငန်း လုပ်ကိုင်ကြပါသည်။

**(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | |
| ရေရရှိမှု | မြစ်၊ချောင်း၊အဝီစိတွင်း |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | |
| ချေးငွေ | စိုက်ဘဏ်၊ ပက်မြန်မာ၊ သမ |
| သွင်းအားစု ဈေးကွက် | မင်းဘူးမြို့မှ စားသောက်ရိက္ခာများဝယ်ယူခြင်း |
| ဝန်ဆောင်မှု ဈေးကွက် | – |
| ထုတ်ကုန် ရောင်းဝယ်မှု | စိုက်ပျိုးသီးနှံများရောင်းချခြင်း၊ ဈေးရရှိမှုနည်းပါးခြင်း |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | ရှိ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | – |
| ချေးငွေ | – |
| သွင်းအားစု လက်လှမ်းမီမှု | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန် ရောင်းဝယ်မှု | – |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အခြား | – |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ရေရရှိမှုမှာ မြစ်ရေ၊ မန်းချောင်းရေ၊ အဝီစိတွင်းရေများ ရပါ သည်။ ပက်မြန်မာ၊ သမနှင့် အစိုးရ စိုက်/ဘဏ် ချေးငွေများ ရရှိပါသည်။ သွင်းအားစု ဈေးကွက်မှာ မြို့မှ စားသောက်ရိက္ခာများဝယ်ယူရခြင်းဖြစ်ပါသည်။ ထုတ်ကုန်ရောင်းဝယ်မှုမှာ အသင့်အတင့်ဖြစ်ပါသည်။ အိမ်၊ ခြံ၊ မြေလုံလောက်မှုရှိပါသည်။ ငါးဖမ်းခြင်းလုပ်ငန်းရှိပါသည်။ နည်းပညာနည်းပါး၍ ထုတ်ကုန်ရောင်းဝယ်မှု အားနည်းစေ သည်။ ထို့ကြောင့် နည်းပညာနှင့် မျိုးကောင်းမျိုးသန့် အဓိကလိုအပ်ပါသည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | ရှိသော်လည်း လုံလောက်စွာ မရနိုင်ပါ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ဝက်နာရောဂါများရှိပါသည်။အသေအပျောက်များပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | လက်လှမ်းမမီပါ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | စီးပွားဖြစ်လုပ်ကိုင်သူမရှိပါ။ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |
| ချေးငွေ ရရှိနိုင်မှု | – |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| အခြား | – |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ မွေးမြူရေးအတွက် ဈေးငွေရရှိနိုင်မှုများရှိသော်လည်း ကျေးရွာနှင့် လက်လှမ်းမမီသောကြောင့် အခက်အခဲ ပြဿနာများရှိပါသည်။ ကျေးရွာတွင် ကူးစက်ရောဂါတစ်မျိုးဖြစ်သော ဝက်နာကျသည့် ရောဂါများဖြစ်တတ်ပါသည်။ အသေအပျောက်များပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | ၁ | ၂ | | မန်းရေနံမြေ/လတ် |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁ | ၄ | | လတ်/လက်သမား |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | ၁ | ၁ | | လတ်/စက်ချုပ် |
| ၇ | လက်လီ–လက်ကားရောင်း ဝယ်ရေး | ၁ | ၇၄ | | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင် မှု လုပ်ငန်း) | | | | |
